Food and Agriculture Organization of the United Nations

# ပဲတိုင်ထောင် စိုက်ပျိုးခြင်း






## မြေပြင်ခြင်း



Sowing seeds on raised beds

- စိုက်ခင်းမြေကို ရေမဝပ်စေရန်၊ ရေသွင်း၊ ရေထုတ် လွယ်ကူကောင်းမွန်ရန် ပြင်ဆင်ပါ။
- မိုးတွင်းရာသီ ရေဝပ်နိုင်ပါက မိမိတို့ မြေနေရာ အပေါ် မူတည်၍ (အမြင့် (၆) လက်မ အကျယ် ၄ ပေ )ဘောင်ဖြင့် စိုက်ပျိုးနိုင်ပါသည်။

## စိုက်ပျိုးခြင်း




**ဟင်းသီးဟင်းရွက်များကို ဘောင်စနစ်ဖြင့် စိုက်ပျိုးပါ**

- တိုက်ရိုက် အစေ့ချ စိုက်ပျိုးနိုင်သည်။
- တစ်ပေ-တစ်ပေခွဲအကျယ် ကျင်းတူး၍ တစ်ကျင်း လျှင် (၂-၃) စေ့ အစေ့ချ စိုက်ပျိုးပါ။
- ပင်ကြား တန်းကြားအကွာအဝေးမှာ ၁ ပေ x ၃ ပေ စိုက်ပါ။
- အရွက် ၄ ရွက် ထွက်ချိန်တွင် အသန်မာဆုံး တစ်ပင် ချန်၍ မှိုးပေးပါ။

## မြေသြဇာ အသုံးပြုခြင်း




မြေသြဇာ အသုံးပြုခြင်း

- သဘာဝ မြေသြဇာ၊ မြေဆွေး နှင့် ကွန်ပေါင်း မြေသြ ဇာများကို ကျင်းတူးထားသော အပေါ်ယံမြေကြီးများဖြင့် ရောစပ်အသုံးပြုပါ။
- မြေခံအဖြစ် စိုက်ကျင်း တစ်ကျင်းလျှင် ကွန်ပေါင်းမြေသြဇာ မြင်ကျားဇွန်း (၁-၂) ဇွန်အသုံးပြုပါ။
- ထို့ပြင် ယူရီးယားမြေသြဇာကို စိုက်ကျင်း တစ်ကျင်းလျှင် မြင်ကျားဇွန်း ဇွန်းတစ်ဝက်ခန့်
  - ၁။ အပင်မှုံးပြီးချိန်တွင် တစ်ကြိမ်၊
  - ၂။ နှစ်ပတ်ခြားပြီး နောက်တစ်ကြိမ်
  - ၃။ နှစ်ပတ်ခြားပြီး နောက်တစ်ကြိမ်
  - (၃) ကြိမ် အသုံးပြုပါ။




မြေဆွေးအသုံးပြု၍ မြေဆီလွှာကို ပြုပြင်ခြင်း

## ရေသွင်း/ထုတ် စီမံခြင်း

- မျိုးစေ့ချပြီးပြီးချင်း ရေခပ်ပါးပါး လောင်းပေး သင့်သည်။
- မိုးတွင်းရာသီ၌ ရေအမြဲလောင်းပေးရန် မလိုသော်လည်း အပင်လိုအပ်ချက်ပေါ် မူတည်၍ စိုက်ခင်း မြေ စိုစွတ်နေရန် ဆောင်ရွက်ပါ။



**ခြံဝန်းထဲရှိ ဟင်းသီးဟင်းရွက်များကို ရေလောင်းခြင်း**

## ပေါင်းသင်ခြင်း

- စိုက်ခင်းမြေသည် ပေါင်းကင်းစင်ရန် လိုအပ် ပါသည်။
- ပေါင်းနှိမ်နင်းရန် အပင်ငယ်စဉ်တွင် (၂-၃) ကြိမ် ပေါင်းသင်မြေဆွပေးရန် လိုအပ်ပါသည်။

## အပင်ပြုစုခြင်း

- အပင်စတင်နွယ်တက်လာချိန်တွင် ဝါးတိုင် (၆-၇ ပေ) ထောင်ပေးရမည်။
- အသီးမသီးသော ဘေးတက်၊ ကြားတက်များကို ဖြတ် ပေးပါ။







## ရိတ်သိမ်းခြင်း

- ပဲတိုင်ထောင်ကို ပန်းပွင့်ပြီး (၁၀-၁၂) ရက်ဝန်းကျင် (သို့) အသီး မရင့်မီ လိုချင်သော အရွယ်ပေါ် မူတည်၍ ခူးဆွတ်နိုင်သည်။
- ပဲသီးအတွင်း ပဲစေ့များ ရင့်ပြီး မဖောင်းလာမီ ခူးဆွတ်ပါ။

ဝေဖန်အကြံပြုချက်များရှိပါက   တနင်္လာ မှ
သောကြာ (ရုံးချိန်းအတွင်း)
အောက်ပါဖုန်းနံပါတ်များသို့
ဆက်သွယ်နိုင်ပါသည်။

“ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့်
စိုက်ပျိုးရေးအဖွဲ့”

**ဒေါ်နုနုလွင်၊ ဖုန်း ၀၉ ၈၉၃ ၈၉၀ ၃၀၈**
**ဦးအောင်သိန်း ၊ ဖုန်း ၀၉၈၉၄၄၉၄၀၉၁**
**ဦးအောင်ကိုဝင်း၊ ဖုန်း ၀၉၈၉၄၄၉၄၀၉၀**

**MM-AAP-Feedback@fao.org**

ကုလသမဂ္ဂ စားနပ်ရိက္ခာ နှင့် စိုက်ပျိုးရေးအဖွဲ့မှ
ပြန်လည် ဖြေကြားပေးပါမည်။

ပုံများကို FAO မှ ရေးဆွဲသည်။

Some rights reserved. This work is available
under a CC BY-NC-SA 3.0 IGO licence

© FAO, 2024
CD0807MY/1/05.24